☆
## စေတုတ္တရာမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ

==============================

### ဒေသသမိုင်းအကျဉ်း

*****************

စေတုတ္တရာမြို့နယ်ကို ပုဂံခေတ် အလောင်းစည်သူမင်းလက်ထက်သာသနာသက္ကရာဇ် (၁၆၄၂) ခု၊ကောဇာသက္ကရာဇ်(၄၆၀)ပြည့်၊ ခရစ်သက္ကရာဇ်(၁၀၉၈)ခုခန့်တွင် ထီးလှိုင်ရှင် ကျန်စစ်သား မင်း၏သားတော် တောင်စဉ်ခုနစ်ခရိုင်ကို အုပ်စိုးသော မင်းသီရိခေတ္တရာ(ဇေယျခေတ္တရာ)မှ တည်ထောင်တော်မူပါသည်။ ဇေတနတ်မင်းနေထိုင်ပြီး မြင့်မြတ်သောနေရာတွင် တည်ထောင်သော မြို့ဖြစ်၍ ဇေတဥတ္တရာဟု ခေါ်တွင်ရာမှ ဇေတုတ္တရာမြို့ဟုလည်းကောင်း၊ ထိုမှတစ်ဆင့် စေတုတ္တရာ မြို့ဟုလည်းကောင်း ခေါ်ဝေါ်သည်။ အလားတူ ဇေတတောင်(ရဲတောင်)၏မြောက်ဘက်ကုန်းပေါ် တွင် တည်ထောင်သောကြောင့် ဇေတဥတ္တရာဟု ခေါ်တွင်ရာမှ စေတုတ္တရာဟု ခေါ်တွင်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ (၃၀.၆.၁၉၇၂)နေ့ရက်စွဲပါ စာအမှတ်၊ ၁၀၃၉/စိတ်(၁)ဖြင့် လည်းကောင်း၊ (၂၇.၈.၁၉၇၃)ရက်စွဲပါစာအမှတ်၊ ၂/၁၂၆/အထ(၂)ဖြင့် ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာအရ ဖွဲ့စည်းထားသောမြို့ဖြစ်ပါသည်။

### တည်နေရာနှင့်အကျယ်အဝန်း

**************************

စေတုတ္တရာမြို့နယ်သည် မြောက်လတ္တီတွဒ်(၂၀)ဒီဂရီ(၁၇)မိနစ်နှင့် (၂၀)ဒီဂရီ(၅၇)မိနစ် အကြား အရှေ့လောင်ဂျီကျူ(၉၃)ဒီဂရီ(၄၉)မိနစ်နှင့်(၉၄)ဒီဂရီ(၁၇)မိနစ်အကြား တွင်တည်ရှိပြီး အကျယ်အဝန်းမှာ (၁၀၈၃.၂၅၄)စတုရန်းမိုင် (၆၉၃၂၈၃)ဧက ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၅)မိုင်၊ တောင်မှမြောက်သို့ (၇၅)မိုင်ရှည်လျားပါသည်။

### နယ်နိမိတ်

*********

စေတုတ္တရာမြို့နယ်၏ အရှေ့ဘက်တွင်စလင်းမြို့နယ်နှင့်ပွင့်ဖြူမြို့နယ်၊ တောင်ဘက်တွင် ငဖဲ မြို့နယ်၊ အနောက်ဘက်တွင်ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်နှင့် ချင်းပြည်နယ်မှ ကန်ပက်လက်မြို့နယ်၊ မြောက်ဘက်တွင် ဆောမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။

### မြေမျက်နှာသွင်ပြင်

****************

စေတုတ္တရာမြို့နယ်သည် တောင်ကုန်းတောင်တန်းပေါများသဖြင့် သစ်တောဖုံးလွှမ်းသော လွင်ပြင် များဖြစ်ပြီး ရခိုင်ရိုးမတောင်နှင့် ထိစပ်လျက်ရှိပါသည်။ မြို့နယ်အတွင်းရှိ နွားမတောင်မှာ

မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိပါသည်။ မြို့နယ်အတွင်းရှိ အမြင့်ဆုံး(၆၅၂၇)ပေ၊ အနိမ့်ဆုံး(၂၆၀)ပေရှိပြီး မြို့၏အနောက်ဘက်တွင် မြင့်မားသောတောင်တန်းများနှင့်နီကပ်စွာတည်ရှိပါ သည်။

**ရေဆင်း**

*******

စေတုတ္တရာမြို့နယ်သည် ချောင်းများပေါများသော ဒေသတစ်ခုဖြစ်ပြီး ချောင်းများသည် အနောက်မှ အရှေ့သို့ စီးဆင်းကြပါသည်။ မြို့နယ်အတွင်းရှိ အထင်ရှားဆုံးမုန်းချောင်းမှာ ချင်းပြည်နယ်တွင် ချောင်းဖျားခံ၍ မြို့နယ်အတွင်း ဖြတ်သန်းကာ အရှေ့တောင်ဘက်သို့ စီးဆင်းသွားပြီး ပွင့်ဖြူမြို့နယ်သို့ ဖြတ်သန်းစီးဆင်းကာ ဧရာဝတီမြစ်ထဲသို့ စီးဝင်ပါသည်။ မုန်းချောင်းအတွင်းသို့ စီးဆင်းသော ချောင်းများမှာ လက်ယာဘက်တွင် စမ်းချောင်း၊ ပန်းအိချောင်း၊ ထီးချောင်းတို့ဖြစ်ပြီး လက်ဝဲဘက်မှ စီးဆင်းသော ချောင်းများမှာ ဒွေးချောင်း၊ ချီချောင်း၊ အောင်းချောင်း၊ ဆီမီးချောင်း၊ ကြီးချောင်းတို့ဖြစ်ပါသည်။ မြို့နယ်အတွင်းစီးဆင်းနေသော ချောင်းများသည် ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေအသုံးပြုနိုင်ပါသည်။ မြို့နယ်အတွင်း မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံ- ကြီးဝရေလှောင်တမံ တည်ဆောက်ထားသဖြင့် တစ်ရွာနှင့်တစ်ရွာ သွားလာရာတွင် မြင်းကောင်ရေ(၂၀)အောက် စက်တပ်ရေယာဉ်များဖြင့် တမံအတွင်းဖြတ်သန်းသွားလာနိုင်ပါသည်။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

**********************************

စေတုတ္တရာမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် (၃၂၀)ပေတွင်တည်ရှိပါသည်။ အမြင့်ဆုံး တောင်မှာ စွန်းတောင်(ချွန်းတောင်)(၆၅၂၇)ပေ၊ ငန်းဖြူတောင်(ခေါင်းဖြူတောင်) (၆၂၈၀)ပေ၊ ကျောက်စိမ်းတောင်(၆၁၉၆)ပေ၊ ကန်တောင်(၅၇၆၄)ပေ၊ ဘိုးကြီးတောင်(၅၄၂၅) ပေရှိပါသည်။

**ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်**

==================

**ရာသီဥတု**

*********

စေတုတ္တရာမြို့နယ်သည် အပူပိုင်းရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၆ဒီဂရီစင်တီဂရိတ်)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၃ဒီဂရီစင်တီဂရိတ်)ဖြစ်ပါသည်။

**သဘာဝပေါက်ပင်များ**

******************

စေတုတ္တရာမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်း၊ သင်းဝင်၊ ရေမနေ၊ ယင်းမာ၊ **သစ်ကတိုး၊ ကရဝေး၊ လက်စ၊ ဖောင်းစကား၊ ဘင်္ဂ၊ ရှား၊ ပျဉ်းမအပင်များဖြစ်ပါသည်။**

**တောရိုင်းတိရစ္ဆာန်များ**

********************

စေတုတ္တရာမြို့နယ်တွင် တွေ့ရှိရသော တောရိုင်းတိရိစ္ဆာန်များမှာ ပြောင်၊ ဆတ်၊ ချေ၊ မျောက်၊ တောခွေး၊ ကျားသစ်၊ တောဝက်၊ တောဘဲ၊ ခါ ၊ ငုံး၊ ချိုး၊ ငှက်၊ စပါးအုံးတို့ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ**

************************************

စေတုတ္တရာမြို့နယ်၏ လက်ရှိသဘာဝပတ်ဝန်းကျင်အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု(၆၇) ရာခိုင်နှုန်းရှိပါသည်။ ၎င်းအနက်မှ ကြိုးဝိုင်းသစ်တောဖုံးလွှမ်းမှုမှာ (၅၄.၇၀)ရာခိုင်နှုန်းဖြစ်ပြီး ကြိုးပြင်ကာကွယ်တော ဖုံးလွှမ်းမှုမှာ (၁၂.၁၁)ရာခိုင်နှုန်းရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

*******************************************

စေတုတ္တရာမြို့နယ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကြိုးဝိုင်းတော (၃၉၇၀၉၉)ကေ၊ ကြိုးပြင်တော(၁၇၆၄၃၃)ကေ ထိန်းသိမ်းလျက်ရှိပါသည်။ နိုင်ငံတော်မှ ကျွန်းအထူးစိုက်ခင်း၊ စီးပွားရေးကျွန်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းများနှင့် ပုဂ္ဂလိကအနေဖြင့် သစ်မာစိုက်ခင်းစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

*******************************

စေတုတ္တရာမြို့နယ်သည် အပူပိုင်းဒေသအတွင်းတွင် တည်ရှိသဖြင့် မီးဘေး၊ ရေဘေးနှင့် လေဘေး အန္တရာယ်ကျရောက်လေ့ရှိပါသည်။ စေတုတ္တရာမြို့နယ်သည် မြစ်နှင့်ဝေးကွာ၍ မြစ်၏စိုးရိမ်ရေအမှတ်မရှိပါ။ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုတွင်လည်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများမှ အသံချဲ့စက်ဖြင့် လှည့်လည်ဆော်သြခြင်းများ ဆောက်ရွက်ပေးလျက်ရှိပါသည်။

**လူဦးရေဆိုင်ရာအချက်အလက်များ**

= = = = = = = = = = = = = = = = =

**နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ**

*********************************

စေတုတ္တရာမြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ကချင် | = | - |
| ၂။ | ကယား | = | - |
| ၃။ | ကရင် | = | ၂ ဦး |
| ၄။ | ချင်း | = | ၂၃၃၆၃ ဦး |
| ၅။ | မွန် | - | ၄ ဦး |
| ၇။ | ဗမာ | = | ၂၁၇၅၇ ဦး |
| ၈။ | ရခိုင် | = | ၁၇ ဦး |
| ၉။ | ရှမ်း | = | ၁၆ ဦး |
| ၁၀။ | အခြား | = | ၃ ဦး |
| မြို့နယ်ချုပ် | | = | ၄၅၁၆၂ ဦး |

**အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ**

=================

**စေတုတ္တရာမြို့နယ်၏ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန်အထိ လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

**(က) အိမ်ခြေ/အိမ်ထောင်စု**

***************************

စေတုတ္တရာမြို့နယ်တွင် မြို့ပေါ်ရှိအိမ်ခြေ(၁၂၃၉)အိမ်၊ အိမ်ထောင်စု(၁၁၇၉)စုရှိပြီး ကျေးလက်နေအိမ်ခြေ(၉၃၄၀)အိမ်၊ အိမ်ထောင်စု(၉၂၇၆)စုရှိရာ စုစုပေါင်းအိမ်ခြေ(၁၀၅၇၉) အိမ်နှင့် အိမ်ထောင် စု(၁၀၄၅၅)စုရှိပါသည်။

**(ခ) လူဦးရေ**

***************

**အသက်(၁၈)နှစ်အထက်**

----------------------

မြို့ပေါ်နေ ကျား(၁၇၇၉)ဦး၊ မ(၂၀၄၉)ဦး၊ စုစုပေါင်း(၃၈၂၈)ဦး၊ ကျေးလက်နေကျား (၁၃၇၆၄)ဦး၊ မ(၁၅၀၄၀)ဦး၊ စုစုပေါင်း(၂၈၈၀၄)ဦး၊ မြို့နယ်အတွင်း ကျား(၁၅၅၄၃)ဦး၊ မ(၁၇၀၈၉) ဦး၊ စုစုပေါင်း (၃၂၆၃၂)ဦး

**အသက်(၁၈)နှစ်အောက်**

---------------------

မြို့ပေါ်နေကျား(၅၅၅)ဦး၊ မ(၅၈၈)ဦး၊ စုစုပေါင်း(၁၁၄၃)ဦး၊ ကျေးလက်နေကျား(၅၇၄၀)ဦး၊ မ(၅၆၄၇)ဦး၊ စုစုပေါင်း(၁၁၃၈၇)ဦး၊ မြို့နယ်အတွင်းကျား(၆၂၉၅)ဦး၊ မ(၆၂၃၅)ဦး၊ စုစုပေါင်း(၁၂၅၃၀)ဦး၊

**မြို့နယ်ချုပ်**

***********

မြို့ပေါ်နေ ကျား(၂၃၃၄)ဦး၊ မ(၂၆၃၇)ဦး၊ စုစုပေါင်း(၄၉၇၁)ဦး၊ ကျေးလက်နေကျား (၁၉၅၀၄)ဦး၊ မ(၂၀၆၈၇)ဦး၊ စုစုပေါင်း(၄၀၁၉၁)ဦး၊ မြို့နယ်ချုပ်ကျား(၂၁၈၃၈)ဦး၊ မ(၂၃၃၂၄)ဦး၊ စုစုပေါင်း(၄၅၁၆၂)ဦး

**အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ**

=====================

**အုပ်ချုပ်ရေးမှူးရုံးများ**

********************

မြို့နယ်အုပ်ချုပ်ရေးမှူး(၁)ဦး၊ မြို့နယ်ရုံး(၁)ရုံး၊ ရပ်ကွက်ရုံး(၂)ရုံး၊ ကျေးရွာအုပ်စုရုံး(၄၂)ရုံး

စေတုတ္တရာမြို့နယ်ရှိ ဌာနဆိုင်ရာများ

*********************************

၁။ မြို့နယ်ထွေ/အုပ်ဌာန

၂။ မြို့နယ်တရားရုံး

၃။ မြို့နယ်ဥပဒေရုံး

၄။ မြို့နယ်ကော်မရှင်ရုံး

၅။ မြို့နယ်စာရင်းစစ်ရုံး

၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့

၇။ မီးသတ်ဦးစီးဌာန

၈။ စည်ပင်သာယာရေးအဖွဲ့

၉။ ပြန်/ဆက်

၁၀။ သမဝါယမဦးစီးဌာန

၁၁။ စိုက်ပျိုးရေးလုပ်ငန်း

၁၂။ လယ်/စီ/အင်း

၁၃။ မွေး/ကု

၁၄။ ဆက်သွယ်ရေး(စာတိုက်+ကြေးနန်း)

၁၅။ ဆက်သွယ်ရေး(အိတ်ချိန်း)

၁၆။ လျှပ်စစ်

၁၇။ ဓာတ်အားခွဲလုပ်ငန်း

၁၈။ လဝက

၁၉။ အား/ကာ

၂၀။ ပညာရေး

၂၁။ ကျန်းမာရေး

၂၂။ ကျေးလက်ဖွံ့ဖြိုးရေး

၂၃။ မြန်မာ့စီးပွားရေးဘဏ်

၂၄။ စီမံကိန်း

၂၅။ လမ်းဦးစီး

၂၆။ ငါးလုပ်ငန်း

၂၇။ သစ်လုပ်ငန်း

၂၈။ သစ်တော

၂၉။ လယ်ယာဖွံ့ဖြိုးရေးဘဏ်

၃၀။ မုန်းချောင်းရေအားလျှပ်စစ်

၃၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(မုန်းတမံ)

၃၂။ ကျေးလက်ဦးစီးဌာန

၃၃။ မြို့နယ်သာသနာရေးမှူးရုံး

**နိုင်ငံရေးပါတီများ**

***************

၁။ NLD

၂။ ပြည်ခိုင်ဖြိုး

၃။ တစည

၄။ တောင်သူလယ်သမား

၅။ အရှိုချင်း

၆။ ညီညွတ်သောဒီမိုကရက်တစ်ပါတီ(UDP)

၇။ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ(UBP)

**ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ**

**********************************************

ပြည်သူ့လွှတ်တော်

ဦးကျော်အောင်လွင်(NLD)

အမျိုးသားလွှတ်တော်

ဦးဝင်းမောင်(NLD)

တိုင်းဒေသကြီး(၁)

ဒေါ်ညိုညိုဦး(NLD)

တိုင်းဒေသကြီး(၂)

ဦးထွန်းထွန်းဝင်း NLD)

**စီးပွားရေးဆိုင်ရာအချက်အလက်များ**

= = = = = = = = = = = = = = = = = = = =

**စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်**

*********************************

စေတုတ္တရာမြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု မရှိသော မြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ စေတုတ္တရာမြို့နယ်သည် လမ်းပန်းဆက်သွယ် ရေးခက်ခဲသော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထုတ်ကုန်မှာ နှမ်းနှင့်ပဲမျိုးစုံဖြစ်ပြီး စလင်း မြို့နယ်နှင့် မင်းဘူးမြို့နယ်များသို့ အများဆုံးတင်ပို့ရောင်းချပါသည်။ စေတုတ္တရာမြို့နယ်သည် စလင်းဒေသမှ ဆန်စပါးနှင့်လူသုံးကုန်ပစ္စည်းများကို အဓိကတင်သွင်းရပါသည်။

ဈေးများနှင့်တည်နေရာ

********************

၁။ မြို့မဈေး(အမှတ်(၁)ရပ်ကွက်)

၂။ ပန်းခြံဈေး(အမှတ်(၂)ရပ်ကွက်)

ဘဏ်များ

*********

၁။ မြန်မာ့စီးပွားရေးဘဏ်

၂။ လယ်ယာဖွံ့ဖြိုးရေးဘဏ်

စတိုးဆိုင်နှင့်အရောင်းဆိုင်များ(အရေအတွက်)
**************************************

၁။ စတိုးဆိုင်(၁၅၇)ဆိုင်

၂။ ရွှေဆိုင်(၃)ဆိုင်

၃။ လျှပ်စစ်ပစ္စည်းဆိုင်(၅)ဆိုင်

၄။ ဖုန်းပစ္စည်းအရောင်းဆိုင်(၄)ဆိုင်

၅။ စာအုပ်ဆိုင်(၁)ဆိုင်

၆။ ဆေးဆိုင်(၄)ဆိုင်

၇။ စားသောက်ဆိုင်(၂၄)ဆိုင်

၈။ လဖ္ဘက်ရည်ဆိုင်(၄)ဆိုင်

၉။ စိုက်ပျိုးရေးပစ္စည်းဆိုင်(၂)ဆိုင်

၁၀။ ဆန်ဆိုင် (၂)ဆိုင်

၁၁။ အဝတ်အထည်ဆိုင်(၅)ဆိုင်

မြေအသုံးချမှု
************

၁။ အသားတင်စိုက်ပျိုးမြေ(၁၉၅၇၈)ကေ

(က) လယ်မြေ(၅၆၃၂)ကေ

(ခ ) ယာမြေ(၁၂၇၆၇)ကေ

(ဂ ) ဥယျာဉ်မြေ(၃၅)ကေ

**(ဃ) တောင်ယာမြေ(၁၁၄၄)ကေ**

**၂။ စက်မှုလုပ်ငန်းသုံးမြေ(၂၂၈၀)ကေ**

**၃။ မြို့မြေ(၁၇၅)ကေ**

**၄။ ရွာမြေ(၁၃၅၅)ကေ**

**၅။ အခြားမြေ(၇၂၃၅)ကေ**

**၆။ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောရေိယာ(၃၉၇၀၉၉)ကေ**

**၇။ တောရိုင်း(၁၆၀၉၄၁)ကေ**

**၈။ မြေရိုင်း(၉၆၆၉)ကေ**

**၉။ စိုက်ပျိုးခြင်းမပြုနိုင်သောရေိယာ(၇၄၉၅၁)ကေ**

ဆည်မြောင်းတာတမံများနှင့်ဆည်ရေသောက်ဧရိယာ

===========================

(က)  အစိုးရဆည်

၁။  မုန်းချောင်းရေလှောင်တမံ(မြေသားတမံ ဇုန်အမျိုးအစား)

၂။  အကျိုးပြုဧက(၈၂၆၂၃)ဧက

(ခ )  ကိုယ့်အားကိုယ်ကိုးဆည်(၉၂)ခု(သစ်ခက်ဆည်အမျိုးအစား)

အကျိုးပြုဧကစုစုပေါင်း(၂၅၄၉)ဧက

စိုက်ပျိုးရေးလုပ်ငန်း

******************

စိုက်ပျိုးထုတ်လုပ်သည့် အဓိကသီးနှံ(၁၀)မျိုးမှာ စပါး၊မြေပဲ၊နှမ်း၊နေကြာ၊မတ်ပဲ၊ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ (ခမရ)၊ ကြံနှင့်ဓနိထုတ်ပြောင်းတို့ဖြစ်သည်။

နှစ်ရှည်သီးနှံစိုက်ပျိုးဧက

*********************

၁။  အုန်း(၂၃)ဧက

၂။  ထန်း(၃၇)ဧက

၃။  ကော်ဖီ(၁၀)ဧက

အခြားဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု

******************************************

၁။  ငရုတ်စို(၅)ဧက

၂။  ကြက်သွန်နီ(၁၀)ဧက

၃။  ကြက်သွန်ဖြူ(၄)ဧက

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

*******************************

၁။  လက်သမား၊ ပန်းရံ(၁)

၂။  သံဂဟေဆက်လုပ်နည်းသင်တန်း(၁)

သစ်တောများ

*************

သစ်တောကြိုးဝိုင်းသည် ( ၃၉၇၀၉၉ )ဧကကျယ်ဝန်းပြီးကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်း၊ သင်းဝင်၊ ရေမနေ၊ ယင်းမာ၊ သစ်ကတိုး၊ ကရဝေး၊ လက်စ၊ စောင်းစကား၊ ဘင်္ဂ၊ ရှား၊ ပျဉ်းမစသည့်အပင်များပေါက်ရောက်သည်။

သစ်တောကြိုးပြင်ဝိုင်းသည် ( ၁၇၆၄၃၃ )ဧကကျယ်ဝန်းပြီးကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်း၊ သင်းဝင်၊ ရေမနေ၊ ယင်းမာ၊ သစ်ကတိုး၊ ကရဝေး၊ လက်စ၊ စောင်းစကား၊ ဘင်္ဂ၊ ရှား၊ ပျဉ်းမစသည့်အပင်များပေါက်ရောက်သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု/ရရှိမှု

********************************

၁။ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၃၃၀)Kwh (သန်းပေါင်း)(တစ်နှစ်ထွက်ရှိမှု)

ဓာတ်အားခွဲရုံ

**************

၁။ စေတုတ္တရာပင်မဓာတ်အားခွဲရုံ

ရရှိသည့်ဓာတ်အား(၅.၃၄)kwh (သန်းပေါင်း)

ဖြန့်ဖြူးသည့်ဓာတ်အား

(က) ၆၆ KV ကပစ(၂၀) – ၃.၃၅ kwh (သန်းပေါင်း)

(ခ ) ၆၆ KV 2MVA မြို့ရှိုးထရန်စဖော်မာ – ၁.၈၈ kwh(သန်းပေါင်း)

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း

=========================

(က) လေကြောင်းလမ်း(ရဟတ်ယာဉ်ကွင်းအမည်)

***********************************************

၁။ ဗူးတမံ-၂ (၁)ကွင်း

၂။ ဗူးတမံ-၁ (၃)ကွင်း

၃။ ကြီးအုံ-ကြီးဝတမံ(၃)ကွင်း

၄။ မုန်းတမံ (၄)ကွင်း

၅။ စေတုတ္တရာ (၃)ကွင်း

(ခ ) ရေကြောင်းလမ်း

*********************

၁။ စေတုတ္တရာ-ပွင့်တောက်(၁၀)မိုင်

၂။ စေတုတ္တရာ-ဝန်လို(၁၅)မိုင်

ကားဂိတ်များနှင့်ပြေးဆွဲသည့်ခရီးစဉ်များ

**************************************

၁။ ကြယ်တံခွန်(စေတုတ္တရာ-စလင်း-မကွေး)

၂။ ဆလိုင်းဟောလုံ(စေတုတ္တရာ-စလင်း-မကွေး)

၃။ ငွေတောင်(စေတုတ္တရာ-စလင်း-မကွေး)

၄။ MB(စေတုတ္တရာ-စလင်း-မကွေး)

၅။ ဇေယျာရွှေမြေ(စေတုတ္တရာ-ငဖဲ-မကွေး)

၆။ ရိုးမစတား(စေတုတ္တရာ-ငဖဲ-မကွေး)

၇။ အောင်စစ်ခိုင်(စေတုတ္တရာ-ရန်ကုန်)

၈။ ရွှေပွင့်ဖြူ(စေတုတ္တရာ-မကွေး-နေပြည်တော်)

၉။ စေတုတ္တရာမြေ(စေတုတ္တရာ-စလင်း-မကွေး)

တံတားများ

= = = = = =

ပေ(၁၈၀)ထက်တံတားများ

*************************

၁။ ကြီးချောင်းတံတား(၃၀၀)ပေ

၂။ ဆီမီးချောင်းတံတား(၁၀၀၀)ပေ

၃။ မုန်းချောင်းတံတား (၁၅၀၀)ပေ

၄။ ပုပိုင်းချောင်းတံတား(၁၈၀)ပေ

၅။ ထီးချောင်း(၁)တံတား(၂၆၀)ပေ

၆။ ထီးချောင်း(၂)တံတား(၃၀၀)ပေ

၇။ ကန်တိုင်တံတား(၂၅၀)ပေ

၈။ ကျောက်အူချောင်းတံတား(၂၈၀)ပေ

ပေ(၁၈၀)အောက်တံတားများ

***************************

၁။ မကြီးကုန်း(၁၀၀)ပေ

၂။ ဇင်ပြွန်ချောင်း(၁၂၀)ပေ

၃။ သက်လယ်(၆၀)ပေ

၄။ ငါးရံ့ချောင်း(၆၀)ပေ

၅။ ခွေးချောင်း(၁၅၀)ပေ

၆။ ရိုးချောင်း(၁၆၀)ပေ

တည်းခိုခန်း

***********

စေတုတ္တရာမြို့တွင်တည်းခိုခန်း(၁)ခုရှိပါသည်။

ပညာရေးကဏ္ဍ

= = = = = = = = = =

အခြေခံပညာ

****************

အထကကျောင်းများ

-------------------

စဉ်၊ ကျောင်းအမည်၊ တည်နေရာ

၁။ အထကစေတုတ္တရာ(အမှတ်(၂)ရပ်ကွက်)

၂။ အထကတန့်လည်ကျင်း(တန့်လည်ကျင်းကျေးရွာ)

၃။ အထက-ဘူး(ဘူးကျေးရွာ)

၄။ အထက-ဖအိုင်း(ဖအိုင်း(န)ကျေးရွာ)

၅။ အထကကျောက်ပုံ(ကျောက်ပုံကျေးရွာ)

၆။ အထကအုံးဝါး(အုံးဝါးကျေးရွာ)

၇။ အထကခွေးမလောင်(ခွေးမလောင်ကျေးရွာ)

၈။ အထကကြီးဝ(ကြီးဝကျေးရွာ)

အထကကျောင်းခွဲများ

---------------------

စဉ်၊ ကျောင်းအမည်၊ တည်နေရာ

၁။ အထက(ခွဲ)အပေါ်(အပေါ်ကျေးရွာ)

၂။ အထက(ခွဲ)လုံးကြီး(လုံးကြီးကျေးရွာ)

၃။ အထက(ခွဲ)နတ်ကြီး(နတ်ကြီးကျေးရွာ)

၄။ အထက(ခွဲ)လက်ပံကျင်း(လက်ပံကျင်း)

၅။ အထက(ခွဲ)တပွင်(တပွင်ကျေးရွာ)

၆။ အထက(ခွဲ)သံဆည်(သံဆည်ကျေးရွာ)

၇။ အထက(ခွဲ)ရေသောင်(ရေသောင်ကျေးရွာ)

၈။ အထက(ခွဲ)ချီ(ချီကျေးရွာ)

၉။ အထက(ခွဲ)ပန်းအိ(ပန်းအိကျေးရွာ)

၁၀။ အထက(ခွဲ)ကျောက်တန်း(ကျောက်တန်းကျေးရွာ)

၁၁။ အထက(ခွဲ)ပွင့်တောက်(ပွင့်တောက်ကျေးရွာ)

၁၂။ အထက(ခွဲ)မကြီး(မကြီးကျေးရွာ)

၁၃။ အထက(ခွဲ)ငလဲ(ငလဲကျေးရွာ)

၁၄။ အထက(ခွဲ)မြောင်းဦး(မြောင်းဦးကျေးရွာ)

၁၅။ အထက(ခွဲ)(မြေနီကုန်းကျေးရွာ)

၁၆။ အထက(ခွဲ)(အောက်ဝေါကျေးရွာ)

အလကကျောင်းများ

-----------------

စဉ်၊ ကျောင်းအမည်၊ တည်နေရာ

၁။ အလက(စင်းချောင်းကျေးရွာ)

၂။ အလက(ဝန်လိုကျေးရွာ)

၃။ အလက(အောင်းကျေးရွာ)

၄။ အလက(ညောင်ကုန်းကျေးရွာ)

၅။ အလက(မုန်ညှင်းကျေးရွာ)

၆။ အလက(စွယ်အင်းကျေးရွာ)

၇။ အလက(ကျုန်စိမ့်ကျေးရွာ)

၈။ အလက(အာယောကျေးရွာ)

၉။ အလက(မထိမ်းကျေးရွာ)

၁၀။ အလက(ကပစ(၂၀)

၁၁။ အလက(ဒုံချောင်းကျေးရွာ)

၁၂။ အလက(အောက်ပုံကျေးရွာ)

၁၃။ အလက(အလယ်ဟန်ဒေါက်ကျေးရွာ)

အလက(ခွဲ)ကျောင်းများ

-----------------------

စဉ်၊ ကျောင်းအမည်၊ တည်နေရာ

၁။ အလက(ခွဲ)(ဖအိုင်းကျေးရွာ)

၂။ အလက(ခွဲ)(အမှတ်(၁)ရပ်ကွက်)

၃။ အလက(ခွဲ)(ဖျင်ကြီးကျေးရွာ)

၄။ အလက(ခွဲ)(မဏ္ဍပ်ကိုင်းကျေးရွာ)

၅။ အလက(ခွဲ)(ကံဇင်းကျေးရွာ)

၆။ အလက(ခွဲ)(မွန်ဇော်)

၇။ အလက(ခွဲ)(နန်ကြူ)

၈။ အလက(ခွဲ)(ကြောင်သိုက်)

၉။ အလက(ခွဲ)(ကျောက်မွဲ)

၁၀။ အလက(ခွဲ)(သက်လယ်)

*မူလတန်းလွန်ကျောင်း(၂၂)ကျောင်း*

*အမကကျောင်း(၄၃)ကျောင်း*

မူလတန်းကြိုကျောင်းများ

-------------------------

စဉ်၊ ကျောင်းအမည်၊ တည်နေရာ

၁။ အထက-ဘူး(ဘူးကျေးရွာ)

၂။ အထကဖအိုင်း(န)(ဖအိုင်း(န)ကျေးရွာ)

၃။ အထက(ခွဲ)နတ်ကြီး(နတ်ကြီးကျေးရွာ)

၄။ အလကမြေနီကုန်း(မြေနီကုန်းကျေးရွာ)

၅။ အလကအောက်ဝေါ(အောက်ဝေါကျေးရွာ)

၆။ အလကမြောင်းဦး(မြောင်းဦးကျေးရွာ)

၇။ အလက(ခွဲ)ဖအိုင်း(ရှေ့)(ဖအိုင်းအရှေ့ကျေးရွာ)

၈။ အလက(ခွဲ)အောက်ပုံ(အောက်ပုံကျေးရွာ)

၉။ အမက(၂)စေတုတ္တရာ(အမှတ်(၂)ရပ်ကွက်)

ကျန်းမာရေးကဏ္ဍ

===========

ဆေးရုံများ

**********

စဉ်၊ ကျောင်းအမည်၊ တည်နေရာ

၁။ မြို့နယ်ပြည်သူ့ဆေးရုံ(စေတုတ္တရာမြို့)(၂၅)ကုတင်

၂။ တိုက်နယ်ဆေးရုံ(တပွင်ကျေးရွာ)(၁၆)ကုတင်

ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများ

************************************

စဉ်၊ ကျောင်းအမည်၊ တည်နေရာ

၁။ တပွင်တိုက်နယ်ကျေးလက်ကျန်းမာရေးဌာန(တပွင်)

၂။ ဖအိုင်းကျေးလက်ကျန်းမာရေးဌာန(ဖအိုင်းအနောက်)

၃။ ကြီးဝကျေးလက်ကျန်းမာရေးဌာန(ကြီးဝ)

၄။ ခွေးမလောင်ကျေးလက်ကျန်းမာရေးဌာန(ခွေးမလောင်)

၅။ အုံးဝါးကျေးလက်ကျန်းမာရေးဌာန(အုံးဝါး)

၆။ မိခင်နှင့်ကလေးကျန်းမာရေးဌာန(စေတုတ္တရာမြို့)

ကျေးလက်ကျန်းမာရေးဌာနခွဲများ

********************************

စဉ်၊ ကျောင်းအမည်၊ တည်နေရာ

၁။ လုံးကြီးကျေးလက်ကျန်းမာရေးဌာနခွဲ(လုံးကြီး)

၂။ ဖျင်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲ(ဖျင်ကြီး)

၃။ နတ်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲ(နတ်ကြီး)

၄။ ဘူးကျေးလက်ကျန်းမာရေးဌာနခွဲ(ဘူး)

၅။ ပန်းအိကျေးလက်ကျန်းမာရေးဌာနခွဲ(ပန်းအိ)

၆။ စင်းချောင်းကျေးလက်ကျန်းမာရေးဌာနခွဲ(စင်းချောင်း)

၇။ ချီကျေးလက်ကျန်းမာရေးဌာနခွဲ(ချီ)

၈။ ကူတော်ကျေးလက်ကျန်းမာရေးဌာနခွဲ(ကူတော်)

၉။ ဒုံချောင်းကျေးလက်ကျန်းမာရေးဌာနခွဲ(ဒုံချောင်း)

၁၀။ မွန်ဇော်ကျေးလက်ကျန်းမာရေးဌာနခွဲ(မွန်ဇော်)

၁၁။ စစ်ငန်းကျေးလက်ကျန်းမာရေးဌာနခွဲ(စစ်ငန်း)

၁၂။ သံဆည်ကျေးလက်ကျန်းမာရေးဌာနခွဲ(သံဆည်)

၁၃။ မြောင်းဦးကျေးလက်ကျန်းမာရေးဌာနခွဲ(မြောင်းဦး)

၁၄။ မြေနီကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ(မြေနီကုန်း)

၁၅။ မုန်ညှင်းကျေးလက်ကျန်းမာရေးဌာနခွဲ(မုန်ညှင်း)

၁၆။ ညောင်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ(ညောင်ကုန်း)

၁၇။ ကြောင်သိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ(ကြောင်သိုက်)

၁၈။ ခြင်ပြစ်ကိုင်းကျေးလက်ကျန်းမာရေးဌာနခွဲ(ခြင်ပြစ်ကိုင်း)

၁၉။ ဟန်ဒေါက်ကျေးလက်ကျန်းမာရေးဌာနခွဲ(ဟန်ဒေါက်)

၂၀။ ပုပိုင်းကျေးလက်ကျန်းမာရေးဌာနခွဲ(ပုပိုင်း)

၂၁။ ရေသောင်ကျေးလက်ကျန်းမာရေးဌာနခွဲ(ရေသောင်)

၂၂။ ကျန်စိမ့်ကျေးလက်ကျန်းမာရေးဌာနခွဲ(ကျန်စိမ့်)

၂၃။ ကံဇင်းကျေးလက်ကျန်းမာရေးဌာနခွဲ(ကံဇင်း)

၂၄။ စွယ်အင်းကျေးလက်ကျန်းမာရေးဌာနခွဲ(စွယ်အင်း)

၂၅။ နန်ကြူကျေးလက်ကျန်းမာရေးဌာနခွဲ(နန်ကြူ)

ဒေသတွင်းအများဆုံးဖြစ်ပွားတတ်သော ရောဂါများ

*******************************************

ငှက်ဖျား၊ ဝမ်းလျှော၊ တီဘီ၊ ဝမ်းကိုက်

လူမှုရေးအသင်းအဖွဲ့များ

= = = = = = = = = = = =

(က) (INGO)

***************

၁။ Save the Chindren ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့(အမှတ်(၁)ရပ်ကွက်)

(ခ ) (NGO)

***********

၁။ အမျိုးသမီးရေးရာ (၆၅၆၄)ဦး

၂။ မိခင်နှင့်ကလေးအသင်း(၈၁၀၇)ဦး

၃။ စစ်မှုထမ်းဟောင်း(၅၆)ဦး

၄။ ကြက်ခြေနီ (၉၀)ဦး

၅။ အရန်မီးသတ်(၂၇၅)ဦး

၆။ ရင်ခွင့်မဲ့(၅)ဦး

(ဂ ) အသင်းအဖွဲ့များ

******************

၁။ စေတုတ္တရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

၂။ မျိုးဆက်သစ်လူငယ်ပရဟိတအသင်း

၃။ မြင့်မြတ်သူလူငယ်ပရဟိတအသင်း

၄။ ကရဏာရှင်ချို့တဲ့နွမ်းပါးဆေးရုံတက်လူနာထောက်ပံ့ရေးအဖွဲ့

၅။ မင်းကျချင်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့

၆။ မရင်းချင်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့

၇။ ချင်းပုံချင်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့

ဘာသာရေးဆိုင်ရာအချက်အလက်များ

= = = = = = = = = = = = = = = = = = =

ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကအဆောက်အဦများ

*****************************************


၁။ ဘုရား(၆)ဆူ

၂။ စေတီ(၂၅၇)

၃။ ဘုန်းကြီးကျောင်း(၁၁၉)

၄။ သီလရှင်ကျောင်း(၂၅)

၅။ ဓမ္မာရုံ(၂)                    မှတ်ချက်။ လက်လှမ်းမှီသမျှသာ တင်ပြခြင်းဖြစ်ပါသည်။


ဆောမြို့နယ်
N
S
စေတုတ္တရာမြို့နယ်
မကွေးတိုင်း
ချင်းပြည်နယ်
စလင်းမြို့နယ်
ရခိုင်ပြည်နယ်
ပွင့်ဖြူမြို့နယ်
ငဖဲမြို့နယ်
ရည်ညွှန်းချက်
မြို့နယ်ခြား
ကားလမ်း
ကျေးရွာအုပ်စုခြားမျဉ်း
မြို့/ကျေးရွာအုပ်စု
မြစ်ချောင်း
သစ်တောကြိုးဝိုင်းများ
ကပစ(၂၀)စက်ရုံ